မြန်မာနိုင်ငံစာရင်းကောင်စီ

လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း)သင်တန်းအမှတ်စဉ် - ၄၃

သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ်-၄၃ ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ပါမည်။

၂။ အဆိုပါသင်တန်းကို မြန်မာနိုင်ငံစာရင်းကောင်စီက အသိအမှတ်ပြု ဖွင့်လှစ်ခွင့်ပြုထားသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင်လည်း တက်ရောက်နိုင်ပါ သည်။

၃။ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းဆိုင်ရာ သတ်မှတ်ချက်များကို မြန်မာနိုင်ငံစာရင်း ကောင်စီ၏ ၅-၁-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်- ၁/၂၀၁၇ဖြင့် ထုတ်ပြန်ထားပါသည်။ ထိုအမိန့်ကြော်ငြာစာကို www.oagmac.gov.mm /my/new-activities/924 တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

၄။ ကောင်စီက ဖွင့်လှစ်သည့် သင်တန်းကျောင်းသို့ တက်ရောက်ခွင့်လျှောက်ထားသူများအား အောက်ပါဦးစားပေးအစီအစဉ်အတိုင်း လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်-

(က) သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ဖြင့် တက်ရောက်မည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နမိတ်အတွင်းအစိုးရဌာနအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများ၊

(ခ) ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေးရရှိခဲ့သူများ

(ဂ) တိုက်ရိုက်တက်ရောက်ခွင့်ရရှိသူများအနက် အဆင့်မြင့်အောင်မြင်သူများ

(ဃ) ဝင်ခွင့်စာမေးပွဲတွင် အဆင့်မြင့်အောင်မြင်သူများ

၅။ ကောင်စီက ဖွင့်လှစ်သည့် သင်တန်းကျောင်းတွင်တက်ရောက်မည့်သူများသည် ရုံးဖွင့်ရက်များတွင် ၁၇:၀၀ နာရီမှ ၁၈:၅၀ နာရီအထိလည်းကောင်း၊ စနေနေ့တွင် ၁၇:၀၀ နာရီမှ ၁၃:၅၀ နာရီအထိလည်းကောင်း သင်တန်းတက်ရောက်ရမည်။

၆။ သင်တန်းသို့ အောက်ပါပုဂ္ဂိုလ်များအား တိုက်ရိုက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်-

(က) စီးပွားရေးတက္ကသိုလ်များက ကျင်းပခဲ့သည့် B.Com, B.Act, B.B.A ဘွဲ့ စာမေးပွဲအောင်မြင်သူများ (သို့မဟုတ်)

(ခ) မြန်မာနိုင်ငံစာရင်းကောင်စီက ကျင်းပခဲ့သည့် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်သူများ (သို့မဟုတ်)

(ဂ) ဘွဲ့တစ်ခုခုရရှိပြီး ACCA Fundamentals- Skills level ပြီးစီးသူများ (သို့မဟုတ်)

(ဃ) ဘွဲ့တစ်ခုခုရရှိပြီး CIMA Management Level ပြီးစီးသူများ။

၇။ အသိအမှတ်ပြု ဘွဲ့တစ်ခုခုရသူ နိုင်ငံသားများကို ဝင်ခွင့်စာမေးပွဲကျင်းပ၍ သင်တန်းသားအဖြစ်ရွေးချယ်မည်ဖြစ်ပါသည်။

၈။ ဝင်ခွင့်စာမေးပွဲကို ၁၉-၃-၂၀၁၇ နေ့ (တနင်္ဂနွေနေ့)တွင် နံနက် ၉:၀၀ နာရီတွင် ရန်ကုန်မြို့၌ ကျင်းပပါမည်။ စာမေးပွဲကျင်းပမည့်နေရာကို ထပ်မံကြေငြာ ပါမည်။

၉။ ဝင်ခွင့်စာမေးပွဲတွင် Financial Accounting, Cost & Management Accounting နှင့် Auditing ဘာသာရပ်များပါဝင်သည့် ၂ နာရီမေးခွန်းလွှာတစ်ခုကို ဖြေဆိုရပါမည်။

၁၀။ သင်တန်းတက်ရောက်လိုသည့် တိုက်ရိုက်တက်ရောက်ခွင့်ရရှိသူများနှင့် ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်သူများသည် အထက်အပိုဒ် ၁ ပါ လိပ်စာတွင် ၆-၂-၂၀၁၇ ရက်မှ ၁၇-၂-၂၀၁၇ ရက် နေ့အတွင်း ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း လျှောက်ထားသူကိုယ်တိုင် လျှောက်လွှာကို ကျပ် ၁,၀၀၀ ဖြင့် ဝယ်ယူ၍ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြ လျှောက်ထားရပါမည်-

(က) စာမေးပွဲကြေး ကျပ် ၅,၀၀၀ ပေးသွင်းထားသည့်ငွေရပြေစာ **(ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်သူများ)**

(ခ) ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာ(မူရင်းနှင့်မိတ္တူ)နှင့် အမှတ်စာရင်း (မူရင်းနှင့်မိတ္တူ)

(ဂ) ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း) စာမေးပွဲအောင်လက်မှတ်(မူရင်းနှင့်မိတ္တူ)

(ဃ) ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေးရရှိခဲ့သည့်အထောက်အထား(မူရင်းနှင့်မိတ္တူ)

(င) အထက်အပိုဒ် ၆(ဂ)နှင့်(ဃ) ပါပုဂ္ဂိုလ်များအတွက် ဆိုင်ရာပညာအရည်အချင်း အောင်လက်မှတ် (မူရင်းနှင့်မိတ္တူ)

(စ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)

(ဆ) တစ်လအတွင်း ရိုက်ထားသည့် ပတ်စ်ပို့အရွယ် ဓါတ်ပုံ ၃ ပုံ

(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းစိစစ်ရေးကတ် နှင့် သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်းထောက်ခံချက်

၁၁။ ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာပါ အမည်၊ ဖခင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားပါ ဖော်ပြချက်များနှင့် ကွဲလွဲနေပါက ထိုသူများ၏ လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည် မဟုတ်ပါ။ ဘွဲ့နှင်းသဘင်မကျင်းပရသေးသဖြင့် ဘွဲ့လက်မှတ်မရရှိသေးသူများမှအပ ကျန်လျှောက်ထားသူများသည် ဘွဲ့လက်မှတ်ကို **မပျက်မကွက်** တင်ပြရမည်။

၁၂။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ရှိသူများစာရင်းကို ၃-၃-၂၀၁၇ ရက်တွင်အပိုဒ် ၁ ပါ လိပ်စာတွင် ကြေညာထားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၆-၃-၂၀၁၇ ရက် မှ ၁၇-၃-၂၀၁၇ ရက်အတွင်း ရုံးဖွင့်ရက်များတွင် ထုတ်ပေးပါမည်။ စာမေးပွဲဖြေဆိုသည့်နေ့တွင် လုံးဝထုတ်ပေးမည် မဟုတ်ပါ။

၁၃။ တက်ရောက်ခွင့်ရသူများ၏အမည်စာရင်းကို ၂၈-၄-၂၀၁၇ နေ့မတိုင်မီ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းရှိ ကြော်ငြာသင်ပုန်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံး website: www.oagmac.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၁၄။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံစာရင်းကောင်စီရုံး ဖုန်းအမှတ် ၀၁-၂၂၇၂၄၆ နှင့် ၀၁-၂၂၃၄၃ တို့ကို ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံစာရင်းကောင်စီ

ကန့်သတ်